# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 14, 2020 Volume 34, Number 9


**၁၄.၈.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၉ US$ |
| မြန်မာ့ရွှေဈေး | = ၁၂၉၆၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၆၉/- ကျပ် |
| CBM Rate | = ၁၃၆၀.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၀၈.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၁.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၈၀.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၇၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၃.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၈၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၁၇၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၇၃ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၄.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၇၅၉ကျပ် |

၁၇၀Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တီးတိန်မြို့နှင့်တွန်းဇံမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး




ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ်၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် တီးတိန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စံကိုက်ကျောင်းဆောင်၊ တွန်းဇံမြို့ရှိ Cyclone Shelter ဆောက်လုပ်နေမှု၊ ၂၅-ခုတင်ဆံ့ ပြည်သူ့ဆေးရုံ တိုးချဲ့ တည်ဆောက် နေမှုနှင့် ဗားရ်တံတားအမှတ်(၂) တည်ဆောက်နေမှုတို့အား ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည်ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူယနေ့နံနက်ပိုင်းတွင် တီးတိန်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စံကိုက်ကျောင်းဆောင် တည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကျောင်းအုပ်ကြီး ဦးအင်ခန်းမုန်တို့က လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြသည်။ ထို့နောက် အဆိုပါကျောင်း Multifuc-tional Hall ၌ တီးတိန်မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရွေးဦးစွာ သစ္စာစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ခြင်း အခမ်းအနားကျင်းပရာ ဒုတိယသမ္မတက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရုံးများအနေဖြင့် သာမန်ရွှေ့ပြောင်းနေထိုင်သူများ၊ ယာယီရွှေ့ပြောင်းနေထိုင်သူများ၏ လိုအပ်ချက်များဖြစ်သည့် တရားဝင်အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားမှတ်ပုံတင်

တစ်မျိုးမျိုးကို သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း၊ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်ရွေးကောက်ပွဲကော်မရှင်၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနနှင့် တာဝန်ရှိသူများအနေဖြင့် တက်ညီလက်ညီ ဆက်လက်ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းပြောကြားသည်။ ယင်းနောက် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်တို့က ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မြို့မိမြို့ဖ ဒေသခံပြည်သူ ဦးခင်ဆွင်းမုန်က ဒေသလိုအပ်ချက်များဖြစ်သည့် တီးတိန်မြို့ကို ခရိုင်မြို့အဖြစ် ဖွဲ့စည်းပေးနိုင်ရေး၊ မြို့သောက်သုံးရေဖူလုံရေးအတွက် ၁၈ မိုင် ရေထွက်မှရေသွယ်ယူရရှိနိုင်ရေး၊ တီးတိန်ခုတင်-၁၀၀ ဆံ့ဆေးရုံကို ခုတင်-၂၀၀ ဆံ့ ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား သွယ်တန်းရရှိနိုင်ရေး၊ စက်မှုလက်မှုသိပ္ပံကျောင်း ဖွင့်လှစ်ပေးနိုင်ရေးနှင့် မြို့နယ် အဆင့်မြင့်ခန်းမဆောင် ဆောက်လုပ်ပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်နှင့် ဦးခင်မောင်ဝင်း၊ ညွှန်ကြားရေး မှူးချုပ် ဦးစိုးဦးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ ထို့နောက် ဒုတိယသမ္မတက ကိုဗစ်-၁၉ ကာလတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနေကြသည့် တီးတိန်မြို့ စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့အား ထောက်ပံ့ငွေများပေးအပ်သည်။ ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် တွန်းဇံမြို့ရှိ ပိုးစာခြံသို့ရောက်ရှိကြရာ ခြံမန်နေဂျာ ဦးဟရိန်ထောင်ထန်းက ခြံဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် Multi Purpose Cyclone Shelter တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဆလိုင်းထောင်က အဆောက်အအုံ ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် Multi Purpose Cyclone Shelter ရှင်းလင်းဆောင်၌ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ် ဝန်ကြီး ဦးပေါင်လွန်မင်းထန်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းတို့က Multi Purpose Cyclone Shelter တည်ဆောက်ပြီးစီးမှု အခြေ အနေ၊ တည်ဆောက်ပြီးစီးသည့် Cyclone Shelter များအခြေအနေ၊ Cyclone Shelterများတွင် ဆက်စပ် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး တည်ဆောက်မှုလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ တိုက်ပွဲရှောင်ပြည်သူများအတွက် တည်ဆောက်ရေးလုပ်ငန်း များဆောင်ရွက်မှုနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာကော်မတီသို့ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများတင်ပြ ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကိုမေးမြန်းသည်။ အဆိုပါ Multi Purpose Cyclone သည် အလျားပေ ၆၀၊ အနံ ပေ ၇၀ ရှိပြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၂၄ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် တွန်းဇံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားသည်။ ထို့နောက် မြို့မိမြို့ဖဒေသခံပြည်သူ ဦးဂင်ဆွင်းမုန်ကဒေသဖွံ့ဖြိုးရေး လိုအပ် ချက်များနှင့်စပ်လျဉ်း၍တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ညွှန်ကြားရေး မှူးချုပ် ဦးစိုးဦးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ ယင်းနောက် ဒုတိယသမ္မတက ကိုဗစ်-၁၉ ကာလတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးနေကြသည့် တွန်းဇံမြို့ စေတနာ့ဝန်ထမ်းပရဟိတအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ အတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ၂၅-ခုတင်ဆံ့ ပြည်သူ့ဆေးရုံအတွင်း ခွဲစိတ်ခန်းနှင့်သားဖွားခန်းပါ တိုးချဲ့နှစ်ထပ် လူနာဆောင်သစ်ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက အဆောက်အအုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ အဆိုပါအဆောက်အအုံသည် အလျား ၉၅ ပေ၊ အနံပေ ၅၀ ရှိပြီး စီမံကိန်း တန်ဖိုးငွေကျပ် ၄၇၂ ဒသမ ၃၆ သန်းဖြစ်ကြောင်းသိရသည်။ ယင်းနောက် ဒုတိယသမ္မတသည် မော်တော်ယာဉ်များဖြင့် မဏိပူရ် မြစ်ကူး၊ ဗားရ်တံတား(အရန်) တည်ဆောက်သည့် နေရာသို့ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရွှေလေးနှင့် တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးမျိုးဝင်းတို့က တံတားလုပ်ငန်းဆောင်ရွက်မှု

အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယသမ္မတသည် မဏိပူရ်မြစ်ကူး၊ ဗားရိတံတား(အရန်) တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ ဗားရိတံတားအမှတ်(၂)သည် တံတားအရှည် ၅၅၇ ဒသမ ၇၇ ပေရှိပြီး အကျယ်ပေ ၃၀ ရှိကာ ရေလမ်းကင်းလွတ်အမြင့်၉ ဒသမ ၈၄၃ ပေရှိကြောင်း၊ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး စီမံကိန်း တန်ဖိုး ငွေကျပ်သန်း ၄၀၅၀ ဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်းသိရသည်။

လက်ရှိအသုံးပြုလျက်ရှိသည့် ဗားရိတံတားအမှတ်(၁)သည် ၂၀၁၅ ခုနှစ် ကိုမာန်မုန်တိုင်းတိုက်ခတ်စဉ် မဏိပူရ်မြစ်ရေကြီးမှုကြောင့် တံတားသံပေါင်အောက်ခြေအထိ မြစ်ရေတက်ခဲ့သဖြင့် တံတားကိုခေတ္တပိတ်ခဲ့ရသည်။ မြစ်ရေပမာဏ ပိုမိုတက်ရောက်ခဲ့ပါက ဗားရိတံတားအတွက် အန္တရာယ်ရှိနိုင်ပြီး ကလေး-ဖလမ်း-ဟားခါးလမ်းမကြီး အဆက်အသွယ်ပြတ်တောက်မှုဖြစ်ပေါ်လာနိုင်သဖြင့် ယခုတံတားအမှတ်(၂)ကို တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/574

## နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အစားထိုးမြန်မာယာဉ်မောင်း၂၀၀ တိုးမြှင့်ပေးရန် တရုတ်တောင်းဆို



COVID-19 ကပ်ရောဂါကြောင့် အခက်ကြုံနေရသည့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် မြန်မာနိုင်ငံသား အစားထိုးယာဉ်မောင်း ၂၀၀ အထိတိုးမြှင့်ပေးရန် တရုတ်အစိုးရက တောင်းဆိုကြောင်း မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။ လက်ရှိတွင် အစားထိုးယာဉ်မောင်း ၂၆ ယောက်သာရှိသော မူဆယ်၊ ရွှေလီ ကုန်သွယ်ရေးလမ်းကြောင်းတွင် တရုတ်အစိုးရ၏ တောင်းဆိုမှု က ကုန်သွယ်ရေး ပိုမိုလျင်မြန်လာစေနိုင်သည်ဟု မူဆယ် အဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့် ကပြောသည်။ COVID-19 ကပ်ရောဂါကင်းရှင်းကြောင်း စစ်ဆေးထားပြီး တရုတ်ဘာသာစကားတတ်ကျွမ်းသော စိတ်ချ ယုံကြည်ရသည့် ယာဉ်မောင်းများရရှိရေးက အခက်အခဲ တစ်ခုဖြစ်နိုင်သည်ဟု မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကဆိုသည်။ "လက်ရှိ အစားထိုးယာဉ်မောင်း တွေတောင် မလာတဲ့ရက်တွေရှိနေတော့ လုပ်ရတာမလွယ်ပါဘူး"ဟု ဦးမင်းသိန်းကပြောသည်။

တရုတ်အစိုးရက ဧပြီလဆန်းကစတင်ပြီး မူဆယ်၊ ရွှေလီ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို အစားထိုးယာဉ်မောင်း စနစ်ဖြင့်သာမောင်းနှင်စေပြီး တရုတ်နိုင်ငံအတွင်းသို့ဝင်ခွင့်ပြုသည်။ တရုတ်သို့တင်ပို့မည့် လယ်ယာထွက်ကုန်အပါအဝင် ပို့ကုန်များတင်ဆောင်ထားသည့် မြန်မာကုန်တင်ယာဉ်များကို နယ်စပ်ဝင်ပေါက်အနီးသို့သာ ဝင်ခွင့်ပေးသည်။ ထိုနေရာတွင် COVID-19 ကပ်ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးထားသော မြန်မာနိုင်ငံသားယာဉ်မောင်းများကို လဲလှယ်မောင်းနှင်စေခြင်းဖြစ်သည်။ တရုတ်အစိုးရက COVID-19 ရောဂါ နယ်စပ်မှတစ်ဆင့် ထပ်မံဝင်ရောက်မည်ကိုစိုးရိမ်သဖြင့် မူဆယ်အပါအဝင် တရားဝင်နယ်စပ်ဝင်ပေါက် လေးခုကို ပိတ်ထားသည်။ သို့သော် ကုန်သွယ်ရေးလုပ်ငန်းများနှင့်ဆက်စပ်၍ မော်တော်ယာဉ်များကို အစားထိုးယာဉ်မောင်းများဖြင့် ဖြတ်သန်းခွင့်ပြုသည်။ ကျန်းမာရေးအကြောင်းပြချက်ဖြင့် နယ်စပ်ကုန်သွယ်ရေးတင်းကျပ်မှုကြောင့် ကုန်တင်ယာဉ်များ နယ်စပ်ဝင်ပေါက်တွင် ပိတ်ဆို့မှုများဖြစ်ခဲ့သည်။ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံအတွင်းသို့ ကုန်တင်ယာဉ်တစ်စီးဝင်ရောက်ရန် အချိန်နှစ်ပတ်ကျော် ကြာမြင့်စွာတန်းစီစောင့်ဆိုင်းရသည်။ ထိုကဲ့သို့ နယ်စပ်ကုန်သွယ်ရေးအကျပ်အတည်းကြောင့် မြန်မာနိုင်ငံမှပို့ကုန်တန်ဖိုးလျော့ကျခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ကောင်းချိန်မှစတင်ခဲ့သော အစားထိုးယာဉ်မောင်းစနစ်ကြောင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံမှ ပို့ကုန်တန်ဖိုး ဒေါ်လာသန်း ၃၃၀ ကျော် လျော့နည်းသွားသည်။ မူဆယ်၊ ချင်းရွှေဟော်၊ ကန် ပိုက်တီနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တရုတ်နိုင်ငံသို့ ကုန်စည်တင်ပို့နိုင်မှုက ယခုဘဏ္ဍာနှစ် ၁၀ လတွင် ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံကျော်ရှိသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူက ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံခန့်တင်ပို့ထားသည်။

**Source:** https://7day.news/detail?id=195514

## မျိုးစျေး ကြီးမြင့်မှုနှင့် စိုက်ပျိုးနည်းစနစ် မကျွမ်းကျင်ခြင်းကြောင့် ဝဥစိုက်ဧကနည်းနေခြင်းဖြစ်



ဝဥမျိုးစျေး ကြီးမြင့်မှုနှင့် စိုက်ပျိုးနည်းစနစ် မကျွမ်းကျင်ခြင်းတို့ကြောင့် ဝဥစိုက်ဧကများ နည်းနေသေးခြင်းဖြစ်ကြောင်း ကိုယ်တိုင်စိုက်ပျိုးသူများထံမှ သိရသည်။ တောထွက်ဝဥက ရှားလာပြီး ဝယ်သူတွေက များလာပါတယ်။ ဒီလပိုင်းမှာဆို ဝဥစျေးနှုန်းက စျေးချဝယ်တဲ့သူတွေတောင် ပစ္စည်းမရနိုင်ပါဘူး။ စိုက်ပျိုးသူတွေရဲ့ဝဥက စက်ရုံတွေရဲ့လိုအပ်ချက်ပြည့်မီအောင် မထွက်သေးပါဘူး။ စျေးကွက်ကောင်းတယ်ဆိုရင်လည်း စနစ်တကျစိုက်ပျိုးသူက နည်းသေးတယ်။ အများစုက ဧကတစ်ဝက်လောက်ပဲ စိုက်နိုင်သေးတာပါ။ ဝဥမျိုးတွေ စျေးကြီးမှုကြောင့်ပေါ့။ သုံးဧကနဲ့အထက်စိုက်ပျိုးသူ အရမ်းနည်းလွန်းပါတယ်။ ဝဥက စနစ်တကျမစိုက်တတ်ရင် မဖြစ်ထွန်းပါဘူးခင်ဗျာ။ ချင်းပြည်နယ်မှာသာ ဝဥစိုက်ပျိုးသူများတာပါ။ တခြားဒေသမှာက စမ်းသပ်စိုက်ပျိုးသူတွေ၊ အနည်းအကျဉ်းစိုက်ပျိုးသူတွေသာရှိပါသေးတယ်ဟု ဝဥစိုက်တောင်သူ ကိုစောလှမင်းကပြောသည်။

မြန်မာနိုင်ငံတွင် ဝဥသီးနှံကို ချင်းပြည်နယ်ရှိ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်၊ ကန်ပက်လက်မြို့နယ် အစရှိသည့်ဒေသများမှ အများဆုံးထွက်ရှိနေပြီး၊ ကျန်ဒေသများ၌လည်း စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လာကြသည်။ မျိုးဥနဲ့အရွက်သီးစျေးနှုန်းက တစ်နှစ်နဲ့တစ်နှစ်မတူဘူး။ ဝဥစျေးတွေကလည်း တစ်နှစ်နဲ့တစ်နှစ် တက်တက်လာတော့ မျိုးစျေးတွေကလည်း တက်တက်သွားတာပဲလေ။ ဒီနှစ်ဆို အလုံးငါးဆယ်ကနေ တစ်ရာကျော်လောက်ပဲပါတဲ့ အရွက်သီးတစ်ပိဿာကို တစ်သောင်းရှစ်ထောင်ကျပ်လောက်နဲ့ ရောင်းနေကြတယ်။ အရွက်သီးစျေးကို တစ်သောင်းနှစ်ထောင်လောက်နဲ့ စျေးစခဲ့တာဆိုရင် စိုက်ပျိုးရာသီ ကုန်ချိန်ဆို တစ်သောင်းရှစ်ထောင်လောက်နဲ့ လိုက်ဝယ်နေကြတယ်။ မျိုးဥကျတော့ စျေးအစားစားရှိတယ်။ သူ့အရွယ်အစားပေါ် မူတည်ပြီး ရောင်းနေကြတယ်။ တစ်ပိဿာကို လေးထောင်ကနေ ငါးထောင်၊ ခြောက်ထောင်၊ ခုနှစ်ထောင်၊ ရှစ်ထောင်အထိ စျေးရှိတယ်ဟု ချင်းပြည်နယ်တောင်ပိုင်း ဝဥအစုအဖွဲ့မှ အဖွဲ့ဝင် ဦးကီးဟုန်းကပြောသည်။

နှစ်စဉ် ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လများသည် ဝဥအရောင်းအဝယ်အေးသည့် ကာလများဖြစ်ပြီး စက်တင်ဘာလနောက်ပိုင်း ကာလများတွင်မှ ဝဥစက်ရုံများ စျေးဖွင့်ဝယ်ယူချိန်ဖြစ်သဖြင့် ဝဥအရောင်းအဝယ်စျေးကွက် ပြန်လည်စတင်လည်ပတ်လေ့ရှိကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/about_less_area_of_foot_yam

## ပြည်တွင်းစက်သုံးဆီစျေး တစ်လီတာလျှင် ကျပ် ၂၀ စီမြင့်တက်

သီတင်းသုံးပတ်ခန့် စျေးတည်ငြိမ်နေသည့် ပြည်တွင်းစက်သုံးဆီစျေးသည် ဩဂုတ် ၁၃ ရက်တွင် တစ်လီတာလျှင် ကျပ် ၂၀ စီမြင့်တက်ခဲ့သည်။ ပြည်တွင်းစက်သုံးဆီစျေးနှုန်းသည် ဇူလိုင် ၂၂ ရက်ကစ၍ စျေးနှုန်းပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေရာမှ ဩဂုတ် ၁၃ ရက်က ရန်ကုန်အထိုင် စက်သုံးဆီအရောင်းဆိုင်အများစု၌ အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၅၄၀၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၆၅၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၅၉၀၊ ပရီမီယံဒီဇယ်တစ်လီတာလျှင် ကျပ် ၆၀၀ နှုန်း ဖြင့်ရောင်းချခဲ့သည်။ "အဓိကကတော့ ကမ္ဘာ့စျေးနှုန်းနဲ့ချိတ်ဆက်နေတာ။ ကမ္ဘာ့ရေနံစိမ်းစျေးကလည်း နည်းနည်း စီပြန်တက်နေတာဆိုတော့လေ" ဟု စက်သုံးဆီစျေးကွက်ကျွမ်းကျင်သူ ဦးကျော်စိုးကပြောသည်။

ကမ္ဘာ့ရေနံစိမ်းစျေးမှာ ဩဂုတ် ၁၃ ရက်တွင် တစ်စည်လျှင် ၄၃ ဒေါ်လာခန့်ရှိပြီး နှစ်လအတွင်း ၁၅ ဒေါ်လာခန့်မြင့်တက်ခဲ့သည်။ ပြည်တွင်းစက်သုံးဆီစျေးသည် ယခုနှစ်ဆန်းပိုင်းမှမေလအထိ စံချိန်တင်ကျဆင်းခဲ့ပြီး ဇွန်လကစ၍ တစ်ကျော့ပြန်မြင့်တက်လာသည်။

**Source:** https://7day.news/detail?id=195515

## မော်တော်ယာဉ်အမည်ပြောင်းအခွန်လျှော့ချ

မော်တော်ယာဉ်အမည်ပြောင်းအခွန်ပေးဆောင်ရာတွင် မြေပြင်ပေါက်ဈေးအတိုင်း လျှော့ချကောက်ခံမည်ဟု ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်ကပြောသည်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာရုံးအပါအဝင် တိုင်းနှင့်ပြည်နယ်အခွန်ဦးစီးမှူးများနှင့် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးများက အမည်ပြောင်းမည့် မော်တော်ယာဉ်များကို တန်ဖိုးသတ်မှတ်ရာ၌ မြေပြင်ပကတိတန်ဖိုးနှင့်အညီ သတ်မှတ်ဆောင်ရွက်ရန်နှင့် အငြင်းပွားမှုတစ်စုံတစ်ရာ မဖြစ်ပေါ်စေရေး အနီးကပ်ကြီးကြပ်ရန် ညွှန်ကြားထားသည်။

မော်တော်ယာဉ် ဝယ်ယူခြင်း၊ရောင်းချခြင်းအတွက် ယာဉ်၏တန်ဖိုးသတ်မှတ်ကာ အခွန်စည်းကြပ်ခြင်းကို သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်အခွန်ဦးစီးဌာနမှူးများသို့ လုပ်ပိုင်ခွင့်အပြည့်အဝပေးထားပြီး ပြည်တွင်းအခွန်များဦးစီးဌာနက နှစ်စဉ်ထုတ်ပြန်သည့် မော်တော်ယာဉ်ရာဖြတ်နှုန်း မြေပြင်တန်ဖိုးနှင့် မော်တော်ယာဉ်အမျိုးအစားအသစ်များကို ရုံးချုပ်သို့ အစီရင်ခံစာမလိုဘဲ ဆုံးဖြတ်ခွင့်ပေးထားပြီးဖြစ်ကြောင်း ဦးမင်းထွဋ်ကဆိုသည်။ "အဓိကကတော့ မြေပြင်မှာဖြစ်နေတဲ့အတိုင်း အခွန်နှုန်းထားတွေပြောင်းလဲဖို့ဖြစ်တယ်။ ဒါကိုလည်းသက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ်အားလုံးကို တစ်သမတ်တည်းဆောင်ရွက်ဖို့ညွှန်ကြားတာ"ဟု ၎င်းကပြောသည်။ အစိုးရ၏ မော်တော်ယာဉ် ပိုင်ဆိုင်သူနှင့် ကညနတွင်မှတ်ပုံတင်ထားသူတစ်ဦးတည်းဖြစ်စေရေးမူဝါဒကို ၂၀၁၉ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ပြီးနောက် အမည်ပြောင်းအခွန်ပေးဆောင်ရမှုအတွက် ဝင်ငွေခွန် ၃ ရာခိုင်နှုန်းအထိ လျှော့ချပေးခဲ့သည်။

အမည်ပြောင်းအခွန်နှင့် တိုက်ရိုက်သက်ဆိုင်သည့် ဝင်ငွေခွန် ၃ ရာခိုင်နှုန်းမှာ စက်တင်ဘာလကုန်တွင် ပြီးဆုံးမည်ဖြစ်သည်။ "ဝင်ငွေခွန်ကလည်း တက်ဖို့ပဲရှိတဲ့အနေအထားကြောင့် ယာဉ်အမည် မပြောင်းရသေးတဲ့သူတွေအတွက်တော့ ဒီအချိန်သွားပြောင်းဖို့ အကောင်းဆုံးဖြစ်လာပြီ။ ဒါပေမဲ့ အထက်ကညွှန်ကြားချက်ကို အောက်ရုံးတွေက ဘယ်လောက်စွမ်းဆောင်နိုင်မလဲဆိုတဲ့ အနေအထားကလည်း စောင့်ကြည့်ရမယ်" ဟု မော်တော်ယာဉ်အရောင်းအဝယ်ပြုလုပ်သူ ကိုစောဇင်ညီကပြောသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ စာရင်းအရ ဇန်နဝါရီ ၁ ရက်ကစ၍ ယာဉ်အမည်ပေါက်စနစ် ကျင့်သုံးခဲ့ပြီးနောက် လာရောက်အမည်ပြောင်း ယာဉ်အစီးရေ လေးသောင်းထက်မနည်းရှိနေသည်။

**Source:** https://7day.news/detail?id=195513

## တရားဝင်ကုမ္ပဏီလိုင်စင်နှင့် ကိုယ်ပိုင်ဝက်ဘ်ဆိုက်ရှိသူများကိုသာ Online Shop လုပ်ကိုင်ခွင့်ပြုမည်

မြန်မာနိုင်ငံအတွင်း တရားဝင်ကုမ္ပဏီလိုင်စင်နှင့် ကိုယ်ပိုင်ဝက်ဘ်ဆိုက်ရှိသူများကိုသာ Online Shop လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၏ ပြောကြားချက်အရသိရသည်။ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် Online Shop များ မှတ်ပုံတင်နိုင်ရန် လုပ်ဆောင် နေပြီး အွန်လိုင်းမှ ဈေးရောင်းချမည့်သူများက မိမိတို့လုပ်ငန်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် မှတ်ပုံတင်ထားရမည်ဖြစ်သည်။ ထို့ပြင် တရားဝင်ဝက်ဘ်ဆိုက်တစ်ခုရှိရမည်ဖြစ်ပြီး အွန်လိုင်းဂိမ်းများ၊ လောင်းကစားနှင့်သက်ဆိုင်သည့်ကိစ္စများ၊ တရားမဝင်အရောင်းအဝယ်များနှင့် ဥပဒေအရကန့်သတ်ထားသည့် ကုန်ပစ္စည်းများကို လုံးဝဆောင်ရွက်ခွင့်ပြုမည် မဟုတ်ကြောင်း၊ Online Shop များ အတွက် မှတ်ပုံတင်သက်တမ်းသည် ငါးနှစ်ဖြစ်ပြီး သက်တမ်းမကုန်ဆုံးမီ သုံးလအလိုတွင် သက်တမ်းတိုးလျှောက်ထားရမည်ဖြစ်ကြောင်း၊ လျှောက်ထားရာတွင်လည်း မှတ်ပုံတင်ကြေးအခမဲ့ဖြင့် အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်မည်ဖြစ်ကြောင်းသိရသည်။

"မှတ်ပုံတင်ခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်တွေကို ဝန်ကြီးဌာနရဲ့ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ မှတ်ပုံတင်ခြင်းအားဖြင့် ရောင်းသူနဲ့ဝယ်သူကြားမှာ ယုံကြည်မှု ပိုမိုရရှိစေမှာဖြစ်ပါတယ်။ အငြင်းပွားမှုတွေရှိလာရင် လည်း ဥပဒေကြောင်းအရ မှန်ကန်စွာဖြေရှင်းဆောင်ရွက်ပေးနိုင်မယ်။ အခုနောက်ပိုင်းမှာ အွန်လိုင်းကနေ ဈေးရောင်းတာတွေများလာတယ်။ ဒီအခြေအနေတွေမှာ တရားဝင်ဖြစ်ဖို့အတွက် မှတ်ပုံတင်ဖို့သတ်မှတ်လိုက်ပါတယ်။ မှတ်ပုံတင်ထားခြင်းမရှိဘဲ တရားမဝင်လုပ်ကိုင်နေသူတွေကို နောက်ပိုင်းမှာ စစ်ဆေးအရေးယူတာမျိုးတွေ လုပ်ဆောင်မှာပါ။ ဒါကြောင့် တရားဝင် မှတ်ပုံတင်ကြဖို့ တိုက်တွန်းပါတယ်" ဟု ဦးမင်းမင်းကပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် အွန်လိုင်းမှ ဈေးရောင်းချသူများ ယုံကြည်စိတ်ချမှုရှိစေရန်နှင့် အတုအပ၊ လိမ်လည်ရောင်းချခြင်းများမရှိစေရန် ယင်းကဲ့သို့ သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ မိုဘိုင်းလ်ဖုန်းများ တွင်ကျယ်စွာ အသုံးပြုမှုမြင့်တက်လာပြီးနောက်ပိုင်း အွန်လိုင်းမှတစ်ဆင့် အရောင်းအဝယ်ပြုလုပ်သည့်လုပ်ငန်းများလာ ကြောင်း၊ အထူးသဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးကာလတွင် အိမ်အတွင်းနေထိုင်ရသည့်အတွက် ယင်းလုပ်ငန်း များ ပိုမိုတွင်ကျယ်လာပြီး အိမ်အရောက်ဝန်ဆောင်မှုများဖြင့် လုပ်ကိုင်လာကြကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/567

## သဘာဝဘေးကြောင့် မကွေးတိုင်းတွင် သီးနှံမျိုးစုံစိုက်ဧက (၁၃၀၀၀၀)ကျော် ပျက်စီး

မကွေးတိုင်းဒေသကြီးမှာ အခုနှစ်အတွင်း သဘာဝဘေးတွေကြောင့် သီးနှံမျိုးစုံ စိုက်ဧက (၁၃၃၇၉၅) ဧက ပျက်ဆီးခဲ့တယ်လို့ တိုင်းစိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူက သိရပါတယ်။ မကွေးတိုင်းမှာ သီးနှံစုံဧက (၃၅၀၀၀၀) ကျော် စိုက်ပျိုးခဲ့ပြီး အဲဒီထဲက ပျက်စီးခဲ့ရတဲ့ စိုက်ဧကတွေဟာ ရေကြီးနစ်မြုပ်တာ ၊ မိုးခေါင်တာနဲ့ ပိုးမွှားကျရောက်တာစတဲ့ သဘာဝဘေးတွေကြောင့် ပျက်စီး ခဲ့တာ ဖြစ်တယ်လို့သိရပါတယ်။ ပျက်စီးမှုအများဆုံးဖြစ်ပွားခဲ့ရတာဟာ မိုးခေါင်မှုကြောင့်ဖြစ်ပြီး လက်ရှိမှာတော့ မိုးနှောင်း ကာလစိုက်ပျိုးနိုင်ဖို့ မျိုးကောင်းမျိုးသန့်တွေ ထုတ်ပေးနေတယ်လို့ မကွေးတိုင်းစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းမြတ်ကပြောပါတယ်။ "ရေကြီးနစ်မြုပ်လို့ ပျက်စီးခဲ့တဲ့ စိုက်ဧက (၅၆၀)ကျော်ရှိပါတယ်။ မြစ်ရေတိုက်စားလို့ ပျက်စီးတာက (၇)ဧက၊ မိုလို မိုးခေါင်လို့ပျက်စီးတဲ့ ဧက (၁၃၀၀၀၀)ကျော်ရှိပါတယ်။ ပုံမှန်ဆို မိုးနှမ်းပြီးရင် မြေပဲစိုက်ကြပါတယ်။ အခုမိုးနှမ်း ပျက်တော့ စိုက်ပျိုးရေးဦးစီးဌာနက မြေပဲမျိုးကောင်းမျိုးသန့်တွေ ဖြန့်ဝေပေးနေပါတယ်။ " လို့ ညွှန်ကြားရေးမှူး ဦးလင်းမြတ်က ပြောပါတယ်။

စိုက်ဧက ပျက်စီးမှုများခဲ့တာကြောင့် သီးနှံတွေကို သမရိုးကျရက်တွေမှာမစိုက်ဘဲ စောစိုက်ဖို့ ဒါမှမဟုတ် နောက်ကျစိုက်ဖို့ ၊ ရေစုကန်တွေထားရှိဖို့ စတဲ့နည်းလမ်းတွေကိုလုပ်ဆောင်ဖို့ လိုအပ်တယ်လို့ ဦးလင်းမြတ်က အကြံပြုထားပါတယ်။ မိုးခေါင်မှု ကြောင့် သီးနှံပျက်စီးတာရှိပေမယ့် မိုးနှောင်းစိုက်ဖို့ကို ပြင်ဆင်နေတယ်လို့ ကံသာကြီးကျေးရွာက တောင်သူ ဦးမြရှိန်က ပြောပါတယ်။ " ရရ၊ မရရ အကုန်နည်းတဲ့ နှမ်းလေးပြန်စိုက်မှာပေ့ါ။ ပဲကြတော့လည်း အရင်းအနှီးကကြီးတယ်။ နှမ်းကတော့ ယာတစ်ဧကကို တစ်သိန်းကျော်ပဲကြတာဆိုတော့ နှစ်နာဦးတော့ ပေါက်တဲ့နဖူးမထူးတော့ဘူးဆိုပြီး လုပ်ရတော့မှာပေ့ါ" လို့ တောင်သူ ဦးမြရှိန်ကပြောပါတယ်။ ပြီးခဲ့တဲ့ (၂၀၁၉) ခုနှစ်က မကွေးတိုင်းဒေသကြီးမှာ မိုးခေါင်မှုထက် ရေကြီးနစ်မြုပ်မှုကြောင့် စိုက်ဧကအများဆုံး ပျက်စီးခဲ့တယ်လို့ သိရပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## နှစ်နိုင်ငံဆက်ဆံရေးတင်းမာနေသော်လည်း တရုတ်နိုင်ငံဈေးကွက်မှ အမေရိကန်စီးပွားရေးလုပ်ငန်းများ ထွက်ခွာမည်မဟုတ်ဟု စစ်တမ်းကဖော်ပြ




COVID-19 ကပ်ရောဂါဖြစ်ပွားမှုအတွင်း အမေရိကန်-တရုတ်ဆက်ဆံရေးသည် "မမျှော်လင့်သော အလှည့်အပြောင်း" ဖြစ်ပေါ်လာခဲ့သော်လည်း အမေရိကန်စီးပွားရေး လုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံဈေးကွက်မှ ထွက်ခွာသွားမည်မဟုတ်ကြောင်း အမေရိကန်-တရုတ် စီးပွားရေးကောင်စီ (USCBC) က ဩဂုတ် ၁၁ ရက်တွင် ထုတ်ပြန် လိုက်သော နှစ်ပတ်လည်အဖွဲ့ဝင် စစ်တမ်းအရသိရသည်။ "အမေရိကန်ကုမ္ပဏီတွေ အနေ နဲ့ တရုတ်ဈေးကွက်မှာ ကာလရှည်ဆက်လက်ရှိနေဖို့ အခိုင်အမာရှိနေမယ်ဆိုတာ အချက် အလက်များရော အဖွဲ့ဝင်ကုမ္ပဏီတွေရဲ့ ပြောဆိုချက်များကပါ ညွှန်ပြနေပါတယ်" ဟု စစ်တမ်းကဆိုသည်။

USCBC သည် တရုတ်နိုင်ငံတွင် စီးပွားရေးလုပ်ကိုင်နေသော အမေရိကန်ကုမ္ပဏီ ၂၀၀ ကျော်အား ကိုယ်စားပြုထားသည့် ကုန်သွယ်ရေးအုပ်စုတစ်ခုဖြစ်သည်။

**Source:** https://xinhuamyanmar.com/world/north-america/28983-2020-08-12-10-23-15

## စင်ကာပူနိုင်ငံ၏ ရေနံချက်လုပ်ငန်းကဏ္ဍ ပြန်လည်နာလန်ထူလာ

စင်ကာပူရှိ ရေနံချက်စက်ရုံ (၃) ခုမှာ ExxonMobil ၊ Shell နှင့် Singapore Refining Co တို့ဖြစ်ကြပြီး၊ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ထုတ်လုပ်မှုလျှော့ချခဲ့ရသည့်အခြေအနေမှ ဇူလိုင်လတွင် တစ်ရက်လျှင် စည်ပေါင်း ၁.၃၁၅ သန်းအထိ ပြန်လည်ထုတ်လုပ်လာနိုင်ပြီ ဖြစ်သည့်အတွက် ရေနံချက်လုပ်ငန်းကဏ္ဍ၏ နာလန်ထူလာသောအခြေအနေကို ဖော်ပြနေကြောင်း၊ ကိုဗစ် ၁၉ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ထားသောအစီအမံများကို ဖြေလျှော့လာခြင်း ကြောင့် စက်မှုလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၏ စက်သုံးဆီလိုအပ်ချက် မြင့်တက်လာခြင်းဖြစ်ပါကြောင်း၊ စင်ကာပူသည် စက်သုံးဆီ တင်ပို့သော အဓိကနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး၊ ဒီဇယ်ဆီတင်ပို့မှုအနေဖြင့် ၂၀၂၀ ခုနှစ်၊ ဇွန်လနှင့်ဇူလိုင်လတို့တွင် တစ်လလျှင် တန်ချိန် ၁.၇ သန်းနီးပါးဖြင့် လပေါင်း ၂၀ အတွင်း အများဆုံးတင်ပို့နိုင်ခဲ့သည့် အခြေအနေဖြစ်ပေါ်ခဲ့ကြောင်းနှင့် ၂၀၁၉ ခုနှစ်အတွင်းတင်ပို့ခဲ့သော ပျမ်းမျှအားဖြင့် တစ်လလျှင် ဒီဇယ်ဆီ တန်ချိန် ၁.၃ သန်းထက်ပင် တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

သို့ရာတွင် ကိုဗစ် ၁၉ ရောဂါဖြစ်ပွားမှုမြင့်တက်လာချိန်မှစ၍ စက်ရုံများ၏ အမှန်ထုတ်လုပ် နိုင်စွမ်းအား၏ ၇၀ ရာခိုင်နှုန်း အထိသာ ထုတ်လုပ်နိုင်သေးကြောင်း၊ မတ်လမှ ဇူလိုင်လအတွင်း စင်ကာပူ၏ ရေနံဆီတင်သွင်းမှုသည် ပျမ်းမျှအားဖြင့် တစ်လလျှင် တန်ချိန် ၈ သိန်းကျော်သာ တင်သွင်းခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တင်သွင်းခဲ့သည့် တစ်လလျှင် တန်ချိန် ၉၅၀,၀၀၀ ထက် လျော့နည်းနေသေးကြောင်း၊ ရေနံချက်လုပ်ငန်းကဏ္ဍ၏ အဆိုးဆုံးကာလကို ဖြတ်သန်း နိုင်ခဲ့ပြီဟု ယူဆရသော်လည်း ကိုဗစ်မတိုင်မီကာလအခြေအနေအတိုင်း ပြန်လည်ထုတ်လုပ် တင်ပို့နိုင်ရန်အတွက်မူ အချိန်ကာလ ကြာမြင့်နိုင်ကြောင်း Refinitive ၏ စက်သုံးဆီဆိုင်ရာ သုတေသနဒါရိုက်တာဖြစ်သူ Yaw Yan Chong က ပြောကြားခဲ့ပါသည်။

**Source:** The Business Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## ယခုနှစ် ပထမနှစ်ဝက်အတွင်း ပို့ကုန်သွင်းကုန်ပမာဏလျော့ကျခဲ့သော်လည်း သိသာစွာဖွံ့ဖြိုးလာခဲ့သည့် နန်နင်းလေဆိပ်

ယခုနှစ် ပထမနှစ်ဝက်အတွင်း Nanning Wuxu အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ပို့ကုန်သွင်းကုန်ပမာဏမှာ တန်ချိန် (၃,၁၇၁,၇၉၀)တန်ရှိခဲ့ပြီး (၆.၆၁)ဆ တိုးတက်လာခဲ့သည်ကို တွေ့ရပါသည်။

ကပ်ရောဂါကာလအတွင်း ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အချိန်နှင့်တစ်ပြိုက်နက် လုပ်ငန်းများ ထုတ်လုပ်မှုပြန်လည်စတင်ရေးကို ကူညီပေးရန် နိုင်ငံခြားကုန်သွယ်မှုများ တည်ငြိမ်စေရေးကိုပါ လေဆိပ်အကောက်ခွန်ဌာနက စီမံဆောင်ရွက်ခဲ့ပါသည်။ လေဆိပ်၏ ကုန်စည်ထောက်ပံ့ပို့ဆောင်မှုများဖွံ့ဖြိုးလာစေရေး မြင့်တင်ပေးသည့်အနေဖြင့် တဆင့်ခံထုတ်လုပ်သည့် လယ်ယာစိုက်ပျိုးရေးကုန်ပစ္စည်းများအတွက် "အစိမ်းရောင်လမ်းကြောင်း"ကို တည်ထောင်ပေးထားပါသည်။

ယခုနှစ် ပထမနှစ်ဝက်၌ လေဆိပ်အကောက်ခွန်ဌာနက လတ်ဆတ်သော ရေထွက်ကုန်ပစ္စည်းတင်သွင်းမှု တန်ချိန် (၁,၅၃၅,၉၅၀)တန်ကို ဆောင်ရွက်ပေးခဲ့ကာ (၁၆၁.၃)ဆတိုးတက်လာခဲ့ပါသည်။ ထို့ပြင် ခရီးသည်တင်လေကြောင်းလိုင်းများ ရပ်နားထားရစဉ်အတွင်း ခရီးသည်တင်လေယာဉ်များကို ကုန်သေတ္တာတင်ဆောင်ကြရန် အားပေးတိုက်တွန်းလျက် လေဆိပ်၏ ကုန်သေတ္တာတင်ဆောင်နိုင်စွမ်းအား ထပ်မံမြှင့်တင်သွားရန် ဆောင်ရွက်ထားပါသည်။

ဇူလိုင်လ (၃၁)ရက်နေ့အထိ လေဆိပ်အကောက်ခွန်ဌာနက လေယာဉ်ပေါင်း (၁၁၆)စင်းအား ခရီးသည်တင် လေယာဉ်များအဖြစ်မှ ကုန်သေတ္တာတင်လေယာဉ်များအဖြစ်ပြောင်းလဲရာတွင် ကြီးကြပ်ပေးခဲ့ပြီး၊ တင်ပို့တင်သွင်းသော ကုန်ပစ္စည်း တန်ချိန် (၈၆၉.၀၉) တန်အား လုပ်ငန်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** Nanning Daily

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (နန်နင်း)**

## ယူရိုဇုန်၏ စက်မှုကဏ္ဍထုတ်လုပ်မှု ပြန်လည်တိုးတက်ခဲ့သော်လည်း မျှော်မှန်းထားသည်ထက်လျော့နည်း

ယူရိုဇုန်၏ စက်မှုကဏ္ဍထုတ်လုပ်မှုသည် ၂၀၂၀၊ ဇွန်လတွင် တိုးတက်မှုရှိခဲ့သော်လည်း ပြီးခဲ့သည့် မတ်လနှင့် ဧပြီလတို့တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် စံချိန်တင်ကျဆင်းခဲ့သည့်အခြေအနေမှ ပြန်လည်နိုးထနိုင်မှုမှာ မျှော်မှန်းထားသည်ထက်နည်းပါးကြောင်းသိရသည်။ ယူရိုဇုန်၏ စက်မှုကုန်ထုတ်လုပ်မှုတိုးတက်ခဲ့ခြင်းမှာ မော်တော်ကားများနှင့် ရေခဲသေတ္တာများကဲ့သို့သော တာရှည်ခံ ကုန်စည်များထုတ်လုပ်မှုတွင် တိုးတက်ခဲ့ခြင်းကြောင့်ဖြစ်ပြီး၊ ယင်းမှာ ဥရောပ၌ COVID-19 ဆိုင်ရာကန့်သတ်ချက်များအားဖြေလျှော့ခဲ့သဖြင့် စားသုံးသူယုံကြည်မှုအပိုင်းတွင် အပြုသဘောဆောင်သည့် လက္ခဏာတစ်ရပ်အဖြစ်ရှုမြင်နိုင်ကြောင်း၊ သို့ရာတွင် လအလိုက်နှိုင်းယှဉ်ချက်အရ စက်မှုကဏ္ဍထုတ်လုပ်မှု၏တိုးတက်မှုမှာ စီးပွားရေးပညာရှင်များမျှော်မှန်းထားသည်ထက် နိမ့်ကျနေသေးပြီး၊ ကပ်ရောဂါအကျပ်အတည်းကာလမတိုင်မီ အဆင့်ထက်များစွာ နည်းပါးကြောင်းလည်း သိရသည်။

ယူရိုဇုန်နိုင်ငံများ၏ ကုန်ထုတ်လုပ်မှုမှာ ဇွန်လတွင် ၉.၁ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ မေလတွင်တိုးတက်ခဲ့မှုမှာ ၁၂.၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း အီးယူ၏စာရင်းအင်းအဖွဲ့ Eurostat ကဆိုသည်။ ဇွန်လတွင် ယူရိုဇုန်၏ ကုန်ထုတ်လုပ်မှု ၁၀ ရာခိုင်နှုန်းတိုးတက်နိုင်မည်ဟု စီးပွားရေးပညာရှင်များ ကခန့်မှန်းထားခဲ့ခြင်းဖြစ်သည်။ ယူရိုဇုန်၏ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ပြန်လည်နာလန်ထူလာသည့် အခြေအနေမှအလှမ်းကွာနေဆဲဖြစ်ကြောင်း၊ နှစ်အလိုက်နှိုင်းယှဉ်ချက်တွင်မူ ဧပြီလနှင့်မေလတို့ထက်လျော့နည်း၍ကျဆင်းခဲ့သဖြင့် တဖြည်းဖြည်းချင်း ပြန်လည်နိုးထလာသည့်အခြေအနေဖြစ်ကြောင်း၊ လအလိုက်နှိုင်းယှဉ်မှုအရ တာရှည်ခံကုန်စည်များထုတ်လုပ်မှုသည် ၂၀.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကုန်စည်များထုတ်လုပ်မှုတွင်လည်း ၁၄.၂ ရာခိုင်နှုန်းဖြင့် သိသာစွာတိုးတက်ခဲ့ကြောင်း၊ စွမ်းအင်ထုတ်လုပ်မှုတွင် ၂.၆ ရာခိုင်နှုန်းသာတိုးတက်ခဲ့ပြီး၊ အဝတ်အထည်နှင့် စည်သွပ် အစားအစာကဲ့သို့သော စားသုံးကုန်စည်များထုတ်လုပ်မှုသည် ၄.၈ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းသိရသည်။

**Source:** Reuters, Eurostat

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## ပထဝီဝင်ဒေသညွှန်းဆိုင်ရာမူပိုင်ခွင့်များပြုလုပ်လိုက်သည့် အီးယူနှင့်တရုတ်

ပထဝီဝင်အလိုက် လူသိများသော သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို ကာကွယ်နိုင်ရေး အထောက်အကူပြုရန် ရေးဆွဲထားသည့် ပထမဆုံးအီးယူ (ဥရောပသမဂ္ဂ)-တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်အား ဥရောပသမဂ္ဂကောင်စီမှ အတည်ပြုလိုက်ပြီဖြစ်သည့်အတွက် အသိဉာဏ်ဆိုင်ရာပိုင်ဆိုင်ခွင့်ကာကွယ်ရေး အကောင်အထည်ပေါ်လာရန် များစွာမလိုတော့ကြောင်းသိရပါသည်။

၎င်းစာချုပ်တွင် ကနဦးအနေဖြင့် Yantai ပန်းသီးနှင့် ပေါ်တူဂီမှ Pêra Rocha ပန်းသစ်တော်သီးကဲ့သို့သော သစ်သီးဝလံများအပါအဝင် ပထဝီဝင်ဒေသညွှန်းဆိုင်ရာ မူပိုင်ခွင့် (geographical indication-GI)ကာကွယ်ပေးမည့်နိုင်ငံ တစ်နိုင်ငံစီမှ လယ်ယာစိုက်ပျိုးရေး အစားအစာအမျိုး (၁၀၀)အား ထည့်သွင်းထားပါသည်။

ဥရောပသမဂ္ဂလွှတ်တော်မှ အတည်ပြုချက်ရရှိပြီးသည်နှင့် (၂၀၂၀)ခုနှစ် နှောင်းပိုင်းတွင် ၎င်းစာချုပ်အသက်ဝင်လာဖွယ်ရှိပါသည်။ ၎င်းစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုများကို (၂၀၁၁)ခုနှစ်၊ စက်တင်ဘာလကတည်းက စတင်ခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံများအကြား အချို့သောကာကွယ်မှုများကို သီးခြား GI အစီအစဉ်များဖြင့် စတင်ပေးထားနှင့်ပြီဖြစ်ပါသည်။

ပထဝီဝင်ဒေသညွှန်းဆိုင်ရာ မူပိုင်ခွင့် (geographical indication-GI)ဟူသည်မှာ ပစ္စည်းတစ်ရပ်၏ ပင်ရင်းဒေသကြောင့် နာမည်ဂုဏ်သတင်းထင်ရှားကျော်ဇောခြင်း (သို့မဟုတ်) ထူးခြားသော အရည်အသွေးကိုပိုင်ဆိုင်ထားခြင်းနှင့် အထူးပြုပထဝီဝင်ဆိုင်ရာ ပင်ရင်းဒေသရှိခြင်းအပေါ် အသုံးပြုသည့် ထင်ရှားသောသင်္ကေတလက္ခဏာဖြစ်ပါသည်။

အီးယူ-တရုတ်သဘောတူညီချက်က ကုန်စည်များ၏ အသိဉာဏ်ဆိုင်ရာပိုင်ဆိုင်ခွင့်များ ကာကွယ်ရေးနှင့်စိတ်ချ လုံခြုံစေရေးတို့ကို အထောက်အကူပြုပေးမည်ဖြစ်ပါသည်။ ဤစာချုပ်အသက်ဝင်လာပြီး (၄)နှစ်မြောက်သည့်အခါ ဤစာချုပ်ပါ ခြုံငုံမှုများကို နှစ်ဘက်စာချုပ်ဝင်နိုင်ငံများမှ GI အမည်ပေါင်း (၁၇၅)ခုကို ထပ်မံထည့်သွင်းမည်ဖြစ်ပါသည်။ ဤစာချုပ်တွင် ပထဝီဝင်ဒေသညွှန်းဆိုင်ရာမူပိုင်ခွင့်များ ပိုမိုထည့်သွင်းသွားရန် ယန္တရားထည့်သွင်းချုပ်ဆိုထားပြီးဖြစ်ပါသည်။

ပထမဆုံးပါဝင်သည့် ကုန်စည်အမယ်အမျိုး(၂၀၀)အနက် Gannan လိမ္မော်သီး၊ Fangxian မှို၊ Nanfeng လိမ္မော်ချို၊ Korla ပန်းသစ်တော်သီး၊ Anyue သံပယိုသီး၊ Jingning ပန်းသီးနှင့် Wuxi အာလူးတို့လည်းပါဝင်ကြောင်း သတင်းရရှိပါသည်။

**Source:** fruitnet.com

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (ဘေကျင်း)**

## STOCK EXCHANGE (14.8.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 13th Aug. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,500 | 10,000 | 5,173 | 51,870,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,750 | 3,750 | 3,750 | 6,214 | 23,302,500 | 38,929,150 | 145,984 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 1 | 8,000 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +500 | +2.33% | 22,000 | 22,000 | 22,000 | 1 | 22,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,800 | 2,850 | 2,800 | 532 | 1,489,850 | 12,823,224 | 36,546 |
| EFR | 00006 | 3,100 | +100 | +3.33% | 3,000 | 3,100 | 3,000 | 640 | 1,926,200 | 19,977,223 | 61,929 |

## Market Overview

As of 11:30 am, 14th Aug. 2020

| MYANPIX | 436.10 ▼ 2.88 |
|---|---|
| Total Volume (shares) | 8,122 |
| Total Value (MMK) | 37 mil |
| Listed Company | 6 |
| Market Cap. (MMK) | 648,901 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,750 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▼ 100 |
| EFR | 00006 | 2,950 | ▼ 150 |

As of 13th Aug. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 438.98 | +2.18 | +0.50% | 436.37 | 445.92 | 436.37 | 12,561 | 78,618,550 | 6 | 653,179 |

**Index chart**




TIR